(၅) ဆူညံသံနှင့် တုန်ခါမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ အခန်း (၁၀)၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် တိုင်းတာဖော်ပြထားသည့် လိုက်နာမှတ်၊ Parameter ၊ စောင့်ကြပ်ကြည့်ရှုမည့် နေရာများနှင့် အကြိမ်အရေအတွက် အတိုင်း စောင့်ကြပ်ကြည့်ရှုရန်နှင့် အခန်း(၅)၊ လက်ရှိအရည်အသွေးကောက်ယူခဲ့သည့် နေရာများတွင် စောင့်ကြပ်ကြည့်ရှုရန်၊

(၆) မြေပေါ်/မြေအောက်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ပတ်သက်၍ အခန်း (၅)၊ စာမျက်(၅၅)တွင် လက်ရှိအရည်အသွေးတိုင်းတာဖော်ပြထားသည့် လတ္တီတွဒ်၊ လောင်ဂျီတွဒ် Coordinate အမှတ်များနှင့် တိုင်းတာခဲ့သည့် Parameter များအတိုင်း (၆)လလျှင် တစ်ကြိမ် ဆက်လက်စောင့်ကြပ်ကြည့်ရှုရန်၊

(၇) မြေထုအရည်အသွေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ အခန်း (၁၀)၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် တိုင်းတာဖော်ပြထားသည့် လိုက်နာမှတ်၊ Parameter များ ၊ စောင့်ကြပ်ကြည့်ရှုမည့် နေရာများနှင့် အကြိမ်အရေအတွက် အတိုင်း စောင့်ကြပ်ကြည့်ရှုရန်နှင့် အခန်း(၅)၊ လက်ရှိအရည်အသွေးကောက်ယူခဲ့သည့် နေရာများတွင် စောင့်ကြပ်ကြည့်ရှုရန်၊

(၈) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ပတ်သက်၍ အခန်း (၁၀)၊ စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်တွင် ဖော်ပြထားသည့် လိုက်နာမှတ်များ၊ Parameter များ၊ စောင့်ကြပ်ကြည့်ရှုမည့် နေရာများနှင့် အကြိမ်အရေအတွက် အတိုင်း စောင့်ကြပ်ကြည့်ရှုရန်နှင့် အခန်း(၆)၊ လက်ရှိအရည်အသွေး ကောက်ယူခဲ့သည့် နေရာများတွင် စောင့်ကြပ်ကြည့်ရှုရန်၊

(၉) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ပတ်သက်၍ အခန်း(၆)တွင် ဖော်ပြထားသည့်အတိုင်း အပတ်စဉ် စောင့်ကြပ်ကြည့်ရှုရန်။

(မ) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓါတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေ အတွက်၊ အချိန်ဇယားနှင့်မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ်တင်ပြရန်နှင့်အများပြည်သူသိရှိစေရန်ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(ယ) မိုင်းပိတ်သိမ်းခြင်း လုပ်ငန်းများကို EMP တွင် ဖော်ပြထားသည့် သတ္တုတွင်း ပိတ်သိမ်းရာတွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လုပ်ငန်းစတင် ဆောင်ရွက်စဉ် ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ